# သတ်မှတ်ထားသည့်အချိန်ကာလကို တိုးမြှင့်ပေးရန် လျှောက်ထားခြင်းဆိုင်ရာ လမ်းညွှန်ချက်များ (CR-12)

မူပိုင်ခွင့်ဦးစီးဌာန

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

## သတ်မှတ်ထားသည့်အချိန်ကာလကို တိုးမြှင့်ပေးရန် လျှောက်ထားခြင်းဆိုင်ရာ လမ်းညွှန်ချက်များ (CR-12)

မှတ်ပုံတင်အရာရှိထံ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ အချိန်ကာလထပ်မံတိုးမြှင့်ပေးရန် လျှောက်ထားလိုပါက သတ်မှတ်ထားသည့် အချိန်ကာလမကုန်ဆုံးမီ ခိုင်လုံသောအကြောင်းပြချက်ဖြင့် လျှောက်လွှာပုံစံ (CR-12) ကို ပြည့်စုံစွာ ဖြည့်စွက်၍ လျှောက်ထားရမည်။

**လျှောက်ထားသူ**

၁။ (က) (၁) လျှောက်ထားသူသည် ပုဂ္ဂိုလ်တစ်ဦးချင်းအမည်ဖြင့်လျှောက်ထားခြင်းဖြစ်လျှင်-

(ကက) အမည်

ဥပမာ - ***ဦးဖြူ***

(ခခ) အခြားအမည်(ရှိလျှင်)- အနုပညာအမည်ကို ဖော်ပြရမည်။

ဥပမာ - ***မောင်မောင်(ပျဉ်းမနား)***

(ဂဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

*ဥပမာ* - ***၉/ပမန(နိုင်)၁၂၃၄၅၆***

(ဃဃ) နိုင်ငံသား

ဥပမာ - ***မြန်မာ***

(ငင) အမြဲတမ်းနေထိုင်ရာနိုင်ငံအမည်

ဥပမာ - ***မြန်မာနိုင်ငံ***

(စစ) နေရပ်လိပ်စာအပြည့်အစုံ

လျှောက်ထားသူ၏ နေရပ်လိပ်စာအပြည့်အစုံကိုဖော်ပြရမည်-

ဥပမာ - ***အမှတ်(၅၄)၊ ရတနာလမ်း၊ ဗလသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။***

(ဆဆ) နိုင်ငံ

ဥပမာ - ***မြန်မာနိုင်ငံ***

(ဇဇ) တယ်လီဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာ

ဥပမာ - ***0673430597***

***uphyu2023@gmail.com***

**နိုင်ငံခြားသားဖြစ်လျှင်**

(ကက) အမည်

ဥပမာ - ***Mr. San Ji Khan***

(ခခ) အခြားအမည်(ရှိလျှင်)- အနုပညာအမည်ကို ဖော်ပြရမည်။

ဥပမာ - ***Khan***

(ဂဂ) နိုင်ငံကူးလက်မှတ်အမှတ်

ဥပမာ - ***H 123456***

(ဃဃ) နိုင်ငံသား

ဥပမာ - ***India***

(ငင) အမြဲတမ်းနေထိုင်ရာနိုင်ငံအမည်

ဥပမာ - ***India***

(စစ) နေရပ်လိပ်စာအပြည့်အစုံ

လျှောက်ထားသူ၏ နေရပ်လိပ်စာ အပြည့်အစုံကို ဖော်ပြရမည်-

ဥပမာ - ***Main Street, Mumbai, India.***

(ဆဆ) နိုင်ငံ

ဥပမာ - ***India***

(ဇဇ) တယ်လီဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာ

ဥပမာ - ***+91223456789***

***sanji@gmail.com***

(၂) လျှောက်ထားသူသည် တရားဝင်တည်ထောင်ထားသော အဖွဲ့အစည်း (ကုမ္ပဏီ) အမည်ဖြင့် လျှောက်ထားခြင်းဖြစ်လျှင်-

(ကက) အဖွဲ့အစည်း(ကုမ္ပဏီ)အမည် အပြည့်အစုံ

ဥပမာ - ***Orange ကုမ္ပဏီလီမိတက်***

(ခခ) အဖွဲ့အစည်း(ကုမ္ပဏီ)မှတ်ပုံတင်အမှတ်

ဥပမာ - ***202312345678***

(ဂဂ) အဖွဲ့အစည်း(ကုမ္ပဏီ)အမျိုးအစား

ဥပမာ - ***ပုဂ္ဂလိကပိုင်ကုမ္ပဏီလီမိတက်( Private Company Ltd)/ ကော်ပိုရေးရှင်း (Corporation) / အသင်းအဖွဲ့ (Association)***

**မှတ်ချက်။ ပြည်တွင်း၊ ပြည်ပမှ ကုမ္ပဏီ၊ ကော်ပိုရေးရှင်းနှင့် အသင်းအဖွဲ့/ အဖွဲ့အစည်း/လုပ်ငန်းစသော အမျိုးအစားအမည်များ ဖော်ပြရမည်။**

(ဃဃ) လိပ်စာအပြည့်အစုံ

အဖွဲ့အစည်း(ကုမ္ပဏီ)တည်ရှိရာလိပ်စာ အပြည့်အစုံကို ဖော်ပြရမည်

ဥပမာ - ***အမှတ်(၇)၊ သစ္စာလမ်း၊ ရွှေကြာပင်ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။***

(ငင) နိုင်ငံ (အဖွဲ့အစည်း(ကုမ္ပဏီ)တည်ရှိရာ နိုင်ငံအမည်ကို ဖော်ပြရမည်)

ဥပမာ - ***မြန်မာနိုင်ငံ***

(စစ) တယ်လီဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာ

ဥပမာ - ***0673430597***

- ***orange@gmail.com***

**ကိုယ်စားလှယ်**

၂။ (က) ကိုယ်စားလှယ်လွှဲအပ်၍ လျှောက်ထားခြင်းဖြစ်လျှင် စာပေနှင့်အနုပညာလက်ရာများ၊ ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို မှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေ ၂ နည်းဥပဒေခွဲ(ဃ)နှင့်အညီ မြန်မာနိုင်ငံသားကိုသာ ကိုယ်စားလှယ်လွှဲအပ်ရမည်ဖြစ်ပြီး ကိုယ်စားလှယ်လွှဲအပ်ခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် အချက်အလက်များကို ပြည့်စုံစွာ ဖြည့်စွက်ရမည်။

(၁) အမည်

ဥပမာ - ***ဦးကျော်ကျော်***

(၂) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်

ဥပမာ - ***၇/ပခန(နိုင်)၁၂၃၄၅၆***

(၃) ကိုယ်စားလှယ်၏ လိပ်စာအပြည့်အစုံ (လုပ်ငန်းဆောင်ရွက်သည့်လိပ်စာ) ကို ဖော်ပြရမည်။

ဥပမာ - ***အမှတ်(၁၂၃)၊ ရတနာလမ်း၊ ပညာသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်၊ မြန်မာနိုင်ငံ။***

(၄) တယ်လီဖုန်းနံပါတ်နှင့် အီးမေးလ်လိပ်စာ

ဥပမာ - ***09 123456789***

- ***kyawkyaw@gmail.com***

(ခ) ကိုယ်စားလှယ်လွှဲအပ်ရာတွင် လျှောက်ထားချက်တစ်ခုအတွက် ကိုယ်စားလှယ်တစ်ဦးသာ လွှဲအပ်ရမည်။ ကိုယ်စားလှယ်လွှဲအပ်၍ ဆောင်ရွက်လျှင် ကိုယ်စားလှယ်လွှဲစာ (CR-10)ကို ပူးတွဲတင်ပြရမည်။

(ဂ) လျှောက်ထားသူသည် နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်သူ မဟုတ်လျှင် သို့မဟုတ် ပြည်ပနိုင်ငံတွင် နေထိုင်သူဖြစ်လျှင် နိုင်ငံတော်အတွင်း နေထိုင်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား ကိုင်ဆောင်ထားသည့် အသက် ၁၈ နှစ် ပြည့်ပြီးသူကို ကိုယ်စားလှယ်လွှဲအပ်၍ ဆောင်ရွက်ရမည်။ ၎င်း၏ အမြဲတမ်းနေထိုင်သည့် နိုင်ငံ သို့မဟုတ် တရားဝင် အဖွဲ့အစည်း တည်ထောင်ထားသည့်နိုင်ငံ၌ နိုတြီပဗ္ဗလစ်က မှန်ကန်ကြောင်း ထောက်ခံထားသည့် ကိုယ်စားလှယ်လွှဲစာမိတ္တူကို ပူးတွဲတင်ပြရမည်။

**အကြောင်းကြားစာနှင့်သက်ဆိုင်သည့်အချက်အလက်များ**

၃။ (က) အကြောင်းကြားစာအမှတ်

ဥပမာ - ***Noti/CR-1/2024/000001***

(ခ) အကြောင်းကြားစာတွင် သတ်မှတ်ထားသော သက်တမ်းကုန်ဆုံးမည့်နေ့ရက်

ဥပမာ - ***၁၁-၆-၂၀၂၄***

(ဂ) အကြောင်းကြားစာတွင်ပါဝင်သောအကြောင်းအရာ

ဥပမာ - ***"ဝသုန်မိုး" ဘာသာပြန်ဝတ္ထုနှင့်စပ်လျဉ်း၍ မူရင်းစာရေးဆရာဖြစ်သော ဒေးဗစ်၏ သဘောတူခွင့်ပြုချက် လိုအပ်ပါသဖြင့် အဆိုပါသဘောတူခွင့်ပြုချက်အား တင်ပြရန် အကြောင်းကြားသည့်ကိစ္စဖြစ်ပါသည်။ ၁၁-၆-၂၀၂၄ ရက်နေ့ နောက်ဆုံးထား၍ တင်ပြရန် ဖြစ်ပါသည်။***

(ဃ) သတ်မှတ်ကာလအား တိုးမြှင့်ပေးပါရန် တောင်းဆိုရသည့် အကြောင်းအရင်း

ဥပမာ - ***မူရင်းစာရေးဆရာ ဒေးဗစ်ထံ ဆက်သွယ်ဆောင်ရွက်ရန် အချိန်ကာလ လုံလောက်မှု မရှိပါသဖြင့် သတ်မှတ်ထားသည့် (၁၁-၆-၂၀၂၄) ရက်နေ့အစား (၁၁-၇-၂၀၂၄) ရက်နေ့အထိ ရက်(၃၀) ထပ်မံတိုးမြှင့်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။***

**ငွေပေးသွင်းခြင်း**

၄။ လျှောက်လွှာပုံစံ (CR-12) ၏ အမှတ်စဉ်(၄) အကွက်တွင် သတ်မှတ်ထားသည့် အချိန်ကာလကို တိုးမြှင့်ပေးရန် လျှောက်ထားခြင်းအတွက် ပေးသွင်းထားသည့် အခကြေးငွေပမာဏကို ဖော်ပြ၍ ပေးသွင်းပြီးဖြစ်သော ငွေသွင်းပြေစာအား ပူးတွဲတင်ပြရမည်-

ဥပမာ - **ပေးသွင်းသည့်ငွေပမာဏ - *၅၀,၀၀၀ ကျပ်***

**လျှောက်ထားသူ သို့မဟုတ် ကိုယ်စားလှယ်၏ လက်မှတ်**

၅။ လျှောက်လွှာပုံစံ (CR-12) ၏ အမှတ်စဉ်(၅) အကွက်တွင် အထက်ဖော်ပြပါအချက်များ မှန်ကန်ကြောင်း ဝန်ခံကတိပြု လက်မှတ်ရေးထိုးရမည်။ လက်မှတ်ရေးထိုးရာတွင် လျှောက်ထားသူ သို့မဟုတ် ကိုယ်စားလှယ်က လက်မှတ်ရေးထိုးနိုင်ပြီး လက်မှတ်ရေးထိုးသူ၏ အမည် အပြည့်အစုံနှင့် လက်မှတ်ရေးထိုးသည့် ရက်၊ လ၊ ခုနှစ် တို့ကို ပြည့်စုံစွာ ဖြည့်စွက်ရမည်။ တရားဝင်တည်ထောင်ထားသောအဖွဲ့အစည်းအနေဖြင့် လျှောက်ထားခြင်းဖြစ်လျှင် လက်မှတ်ရေးထိုးသူ၏ ရာထူးနှင့်အဖွဲ့အစည်းအမည်တို့ကိုပါ ဖော်ပြရမည်ဖြစ်ပြီး အဆိုပါလက်မှတ်ရေးထိုးသူအား ယင်းအဖွဲ့အစည်းကိုယ်စား လက်မှတ်ရေးထိုးခွင့်ပြုကြောင်း အထောက်အထားအား ပူးတွဲတင်ပြရမည်။

၆။ အီလက်ထရောနစ်နည်းဖြင့် လျှောက်ထားပါက မူရင်းမင်ဖြင့် လက်မှတ်ရေးထိုးရန် မလိုဘဲ အီလက်ထရောနစ်ပုံစံပေါ်တွင် လျှောက်ထားသူ သို့မဟုတ် ကိုယ်စားလှယ်၏ အမည်ကို ဖော်ပြရမည်။

၇။ အချက်များအားလုံး ပြည့်စုံမှန်ကန်စွာဖြည့်စွက်ရမည်။

၈။ လျှောက်လွှာပုံစံတွင် (*) ဖော်ပြထားသော အချက်များသည် မဖြစ်မနေ ဖြည့်စွက်ရမည့် အချက်များဖြစ်ပါသည်။ (*) အား နံပါတ်စဉ်၌ ဖော်ပြထားလျှင် အမှတ်စဉ်တစ်ခုလုံးတွင် ပါဝင်သည့် အချက်များကို မဖြစ်မနေ ဖြည့်စွက်ရမည်ဖြစ်သည်။

၉။ လျှောက်ထားသူသည် နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်သူမဟုတ်လျှင် သို့မဟုတ် ပြည်ပနိုင်ငံတွင် နေထိုင်သူဖြစ်လျှင် ၎င်း၏ အမြဲတမ်းနေထိုင်သည့်နိုင်ငံ သို့မဟုတ် တရားဝင်အဖွဲ့အစည်းတည်ထောင်ထားသည့်နိုင်ငံ၌ နိုတြီပဗ္ဗလစ်က မှန်ကန်ကြောင်း ထောက်ခံထားသည့် ကိုယ်စားလှယ်လွှဲစာ (CR-10) မိတ္တူအား ပူးတွဲတင်ပြရမည်။

**မူပိုင်ခွင့်ဦးစီးဌာန**